

# ရေနစ်သူ

ဓမ္မဒါန

ပညတ်တော်ကိုလွန်ကျူးခြင်းသည် အပြစ်ဖြစ်၏။ ပညတ်တရား အလုံးစုံကို စောင့်ရှောက်သည်တွင် တစုံတခု၌ မှားမိလျှင် ပညတ်တရားအလုံးစုံကို လွန်ကျူးသောအပြစ်ရှိ၏။




မိတ်ဆွေက ကျနော်လူသတ်သမား မဟုတ်ပါ။ သူများ သားမယားကိုလည်း မပြစ်မှားပါ၊ သူ့ပစ္စည်း ကိုလည်း မခိုးပါ၊ ထိုကြောင့်ကျနော့်မှာအပြစ်မရှိပါဟု ဆိုကောင်း ဆိုပါမည်၊ သို့သော်မိတ်ဆွေ သူ့ပစ္စည်းကို တပ်မက်ခြင်းသည်ပင် သူခိုးမဟုတ်ပါလား။ မထောက် မတန်ဒေါသထွက်ခြင်းသည်ပင်လူသတ်ခြင်းနှင့်မထူးပါ၊ သူ့မယားကိုကိလေသာစိတ်ဖြင့်ကြည့်ခြင်းပင်ထိုမိန်းမနှင့် မှားယွင်းနေခြင်းမဟုတ်ပါလား။
ထို့ကြောင့်အထက်ပါ ပညတ်တရားသုံးပါးဖြင့် မိတ်ဆွေ၏ ဘဝ အသက်တာကို စစ်ဆေးကြည့်ပါက မိတ်ဆွေလည်း ပညတ်တရားကိုလွန်ကျူးသူ ဖြစ်နေပြီ။

ပညတ်တရားသည် သန့်ရှင်းခြင်း၊ ကောင်းမြတ်ခြင်း၊ မှန်မြတ်ခြင်းရှိ၏။ သို့ရာတွင် ပညတ်တရားအားဖြင့် ဘုရားသခင်ရှေ့တော်၌ အဘယ်သူမျှဖြောင့်မတ်ရာသို့ မရောက်နိုင်။




ရေနစ်သူကို ရေကူးနည်းသင်ပေးရုံဖြင့် ရေနစ်သူသည် အသက်ချမ်းသာရာရမည်မဟုတ်။ ရေနစ်သေရုံသာ ဖြစ်သကဲ့သို့ အပြစ်နွံထဲနစ်နေသူအား မှန်မြတ်သော ပညတ်တရားများကို လိုက်ရှောက်ရန်သင်ပေးခြင်းဖြင့် အပြစ်ငရဲမှ လွတ်မြောက်နိုင်မည်မဟုတ်ပါ။ အပြစ်ကြောင့် အပါယ်ငရဲသို့သွားရမည်သာဖြစ်သည်။

အပြစ်တရား၏အခကား သေခြင်းဖြစ်၏။
ပြစ်မှားသော ဝိညာဉ်သည် အမှန်သေရမည်။




ပညတ်တရားများကို လွန်ကျူးပါက၊ ပညတ်တရားက သင့်အားမကယ်တင်ပေ။ သင်လုပ်သမျှအတိုင်း သင်ခံရမည်ဟု ပြောထားပါသည်။ လူမိသော အပြစ် ရှိသလို၊ လူမမိဘဲ သင်တယောက်တည်း လို့ဝှက်လုပ်သော အပြစ်တရားများအတွက် သင်ခံရမည်ဆိုပါက သင်လွတ်နိုင်ပါ့မလား။

ယေရှုခရစ်သည်အပြစ်ရှိသောသူတို့ကိုကယ်တင်ခြင်းငှါ ဤလောကသို့ကြွလာတော်မူသည်။




ရေနစ်နေသူကို ရေကူးနည်း သင်ပေးခြင်းသည် အချိးနှီးသာ ဖြစ်၏။ ရေနစ်သူအား သင်လုပ်လျှင် သင်ခံရမည်ဟု အပြစ်တင်ပါကလည်း ရေနစ်ရာမှ လွတ်နိုင်မည်မဟုတ်ပါ။ ရေနစ်သူအလိုရှိဆုံးမှာ သူအားရေနစ်ရာမှ ကယ်တင်မည့်သူဖြစ်ပါသည်။ မိတ်ဆွေလည်းအပြစ်နွံထဲမှာနစ်နေသူဖြစ်ပါပြီ။ သို့အတွက်ကြောင့် အပြစ်နွံထဲမှ မိတ်ဆွေကို ကယ်တင်မည့်သူကို မိတ်ဆွေသိပြီလား။

ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင် တော်မူခြင်းသို့ ရောက်ရ၏။ ကိုယ်အလို အလျောက် ရောက်သည်မဟုတ်၊ ကိုယ့်ကုသိုလ် ကြောင့် ရသည်မဟုတ်၊ သခင်ယေရှုသနားတော်မူသော ကြောင့်ဖြစ်၏။



ရေနစ်သူသည်မိမိအားကယ်တင်သောသူကိုအားကိုး ယုံကြည်ခြင်း အားဖြင့် ရေနစ်သေရမည့်ဘေးမှ လွတ်မြောက်သကဲ့သို့၊ အပြစ်ထဲ နစ်နေသော မိတ်ဆွေသည်လည်း အပြစ်မှ ကယ်တင်ပိုင်သော ယေရှုခရစ်တော်၏ကယ်တင်ခြင်းက R လက်ခံ ယုံကြည်ခြင်းအားဖြင့် အပါယ်ငရဲမှ လွတ်ရာ လမ်းကို ရရှိနိုင်ပါသည်။

ဤရေနစ်သူစာစောင်ကိုဖတ်ရသဖြင့်

၁။ကျွန်တော်/ကျွန်မသည် ရေနစ်သူကဲ့သို့ အပြစ်ထဲနစ်နေသူဖြစ်ကြောင်း သိရပါသည်။ ထို့ကြောင့် အပြစ်ထဲနစ်နေသူ ကျွန်တော်/ကျွန်မအား ကယ်တင်မည့် ကယ်တင်ရှင် ယေရှုခရစ်တော် အကြောင်းကိုပိုမို သိရှိလိုပါသည်။ ( )

၂။အပြစ်ထဲနစ်နေသည့် ကျွန်တော်/ကျွန်မသည် အပြစ်မှကယ်တင်နိုင်သော ကယ်တင်ရှင် ယေရှုခရစ်တော်ကို ယုံကြည်လက်ခံပါသည်။ ထို့ကြောင့်ကျွန်တော်/ကျွန်မ၏ ကယ်တင်ရှင် ယေရှုခရစ်တော်အကြောင်းကို ပိုမိုသိလိုပါသည်။ ( )

အမည် ..........................................................
အသက် ..........................................................
မိဘအမည် ..........................................................
ကိုးကွယ်သည့်ဘာသာ ..........................................
အလုပ်အကိုင် ..........................................................
နေရပ်လိပ်စာ ..........................................................
..........................................................................

<u>မှတ်ချက်</u>

သင့်ခံစားချက်ကိုကွက်လပ်တွင် (✔) ခြစ်၍ ဖြတ်ပိုင်းကို ပြန်ပို့လျှင်၄င်း၊စာရေးဆက်သွယ်လျှင် ၄င်း၊သင့်ထံသို့အခမဲ့စာစောင်များကို ပို့ပေးပါမည်။

ပိုမိုသိရှိလိုပါက အောက်ပါလိပ်စာသို့ဆက်သွယ်ပါ။

info@resouresformission.org